
# ဒီမိုကရေစီ

## မုန့်ဟင်းခါး






ရွေးကောက်ပွဲအကြောင်း
ဆွေးနွေးနေကြတာလား . . . ?
အရမ်းမကပ်နဲ့လေ
ခပ်ခွာခွာနေ
တောင်းပန်ပါတယ်ဗျ
ဦးလေးတို့ဆွေးနွေးနေတဲ့
အကြောင်းအရာကို
စိတ်ဝင်စားမိသွားလို့ပါ


လူကြီးတွေ ရွေးကောက်ပွဲအကြောင်း ဆွေးနွေးနေတာကွ။
ကျွန်တော်လည်း မကြာခင် ၁၈နှစ်ပြည့်တော့မှာဗျ မဲလည်းပေးရတော့မှာ ရွေးကောက်ပွဲတွေအကြောင်း သတင်းစာထဲမှာ ရှာဖတ်နေပြီဗျ
လူကြီးအုပ်စုသည် လူငယ်လေးအောင်အောင်အား အရေးတယူမပြုကြဘဲ ၎င်းတို့ဆွေးနွေးလျက်ရှိသည့် အကြောင်းအရာကိုသာ ဆက်လက်ဆွေးနွေးနေကြသည်။ အောင်အောင်သည် ခေါင်းငိုက်စိုက်ချကာ ထိုသူများအနီးမှ ထွက်ခွာလာခဲ့သည်။



အောင်အောင်သည် အိမ်သို့သာ ပြန်လာခဲ့သည်။ အိမ်တွင် အမေနှင့် အဘွားဖြစ်သူတို့ မီးဖိုခန်းထဲတွင် အလုပ်ရှုပ်နေကြသည်။
လက်ကိုချက်ချင်းဆေးသားရေ ဒါမှ ကိုဗစ်နိုင်တီးကူးစက်မှုကို တားဆီးနိုင်မှာ
ဟုတ်ကဲ့ပါမေမေ သားသိပါတယ် အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနက လမ်းညွှန်ချက်တွေ သားဖတ်ထားပါတယ်


လက်ဆေးတာ လူတိုင်းအတွက် ကောင်းတာ သားသိတယ်နော်၊ ဒါနဲ့ သားကြည့်ရတာ တစ်ခုခုကိုအလိုမကျဖြစ်နေပုံနဲ့ အပြင်မှာဘာတွေဖြစ်ခဲ့လဲ။
ရွာထဲကလူကြီးတွေနဲ့ ရွေးကောက်ပွဲအကြောင်းသားက ဆွေးနွေးချင်ခဲ့တာ ဒါလူတိုင်းကောင်းဖို့အတွက်ပဲမလား? သားရဲ့ထင်မြင်ယူဆချက်တွေက အရေးမကြီးသလိုမျိုး သူတို့က လုံးဝလျစ်လျူရှုလိုက်ကြတယ်
ခုလိုကြားရတာ စိတ်မကောင်းလိုက်တာသားရယ် ဒါပေမယ့် . . . စိတ်ဓါတ်မကျနဲ့နော်၊ သားလေးက မကြာခင် အသက်(၁၈)နှစ်ပြည့်ပြီး မဲလည်းပေးရတော့မယ်၊ သားလေးရဲ့ မဲဟာဆိုရင်လည်း ထည့်သွင်းရေတွက်ခံရမှာဆိုတာ မမေနဲ့နော်သား . . .
သားသိပါတယ်မေမေရာ၊ သားလည်း သားရဲ့ ထင်မြင်ယူဆချက်လေးတွေကို ဝေမျှချင်လို့ပါ လူကြီးတွေက နားထောင်မပေးကြဘူး။ ပြီးတော့သူတို့က ပြောသေးတယ် ဒီကိစ္စက လူငယ်တွေအရေးမဟုတ်ဘူးတဲ့၊ သားလည်း ရွေးကောက်ပွဲအကြောင်း၊ ကိုယ်စားလှယ်တွေရဲ့ တာဝန်နဲ့ဝတ္တရားတွေအကြောင်း ဖတ်နေဆဲပါ။ ရွာထဲမှာရှိတဲ့ လူငယ်တွေရဲ့ဘဝတွေ တိုးတတ်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ စိတ်ကူးအကြံအစည်တွေ သားမှာ အများကြီးရှိပါတယ်။ အခြားသူတွေရဲ့ အတွေးအမြင်တွေဘယ်လိုရှိလဲ ဆိုတာကိုလည်း သားစိတ်ဝင်စားပါတယ်။


သားရဲ့အမြင်က တန်ဖိုးရှိလိုက်တာကွယ်၊ သားဘဝမှာ ကိုယ်ရဲ့ရည်ရွယ်ချက်တွေ၊ ကိုယ့်ရဲ့အတွေးအမြင်တွေကို အခြားသူတွေက အရေးတယူအလုပ်မခံရတဲ့အခါ သားဘယ်လိုခံစားရမလဲဆိုတာ မေမေနားလည်ပါတယ်ကွယ်။
မေမေက ဘယ်လိုလုပ်သိတာလဲ


သားသိလား မေမေ့ဘဝမှာ ကျောင်းတက်ဖို့၊ ပြီးတော့ ကျောင်းဆရာမတစ်ယောက်ဖြစ်ဖို့ အရမ်းခက်ခဲခဲ့တာလေ။ လူတော်တော်များများမှာ အဆိုးဘက်ကကြည့်တတ်မြင်တတ်တဲ့ သဘောထား ခံယူချက်တွေရှိကြတယ်။
တစ်ခါတစ်လေ ကိုယ့်မိသားစုဝင်တွေမှာတောင် ရှိကြသေးတာ။ မေမေဆိုလည်း ကိုယ်ပြောချင်တာတွေ ပြောခွင့်မရခဲ့ဘူးလို့၊ ဖိကျဉ်ခံနေရတယ်လို့ မကြာခဏခံစားခဲ့ရတာပဲသားရေ။


အဲ့ဒါ မေမေက မိန်းကလေးဖြစ်နေလို့လား
ဟုတ်တာပေါ့၊ မေမေအတွက် အရမ်းခက်ခဲခဲ့သလို သားဘွားဘွားလို မသန်စွမ်းအမျိုးသမီး တစ်ယောက်အတွက်ဆို ပိုခက်ခဲခဲ့တာပေါ့ကွယ်။


ဒါပေမယ့် သားကတော့ ဘွားဘွားကိုချစ်တယ်၊ ဘွားဘွားက သားကိုဂရုစိုက်တယ် ပြီးတော့ ဘွားဘွားချက်တဲ့ မုန့်ဟင်းခါးက အကောင်းဆုံးပဲ။
သားဘွားဘွားကတော့ ထူးခြားတဲ့သူပဲသားရေ၊ သူ့ရဲ့ဘဝက အရမ်းကို ခက်ခဲခဲ့တာသားရဲ့ . . . နေ့စဉ်ဘဝမှာလည်း အတားအဆီးအဟန့်အတားတွေ အများကြီးကို ရင်ဆိုင် ကြုံတွေ့ခဲ့ရတာလေ . . .
ဒါပေမယ့် သားတို့အားလုံး ရပ်ရွာထဲမှာ အတူတူနေကြတယ်၊ အားလုံးက တန်းတူပဲလေ။


မေမေတို့အားလုံးဟာ ရပ်ရွာလူထုထဲက လူတွေဆိုပေမယ့် ဒီနေ့သားကြုံတွေ့ခဲ့ရသလို ကိုယ့်ပြောဆိုဆွေးနွေးချင်တာတွေကို တစ်ခါတစ်လေ ပြောခွင့်မရဘူးသားရေ . . .
မုန့်စိမ်းပေါင်း . . .
မေမေဆိုလိုတာကို သားအခု ပိုနားလည်လာပြီထင်တယ် မေမေ
နည်းလမ်းမျိုးစုံနဲ့ ဖယ်ကျဉ်ခံနေရတဲ့ သူငယ်ချင်းတွေ သားမှာရှိလိမ့်မယ်။ ဘာလို့လဲဆိုတော့ သူတို့က မတူညီတဲ့ လူမျိုးစုတွေဖြစ်နေတာကြောင့်၊ ကွဲပြားတဲ့လိင်တိမ်းညွတ်မှုတွေကြောင့်ပေါ့၊ သူတို့တွေလည်း ရွေးကောက်ပွဲတွေမှာပါဝင်ဖို့ ရပ်ရွာအစည်းဝေးတွေ အခမ်းအနားတွေမှာပါဝင်ဖို့ အခွင့်အရေးတွေရှိကြတယ်လေ။



သားနားလည်ပီမေမေ၊ အားလုံးအကျုံးဝင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်ဖို့ သားတို့အားလုံး လူတိုင်းရဲ့ အသံတွေကိုကြားနားဖို့ နားထောင်ပေးဖို့ ကိုယ်စားပြုပေးဖို့ အသေအချာကိုလုပ်ဆောင်ပေးရမှာ၊ ဒါဟာ လူသားတိုင်းရဲ့ ကောင်းကျိုးအတွက်ပဲ။
မှန်တာပေါ့သားရယ်၊ မေမေတို့အားလုံး ဝိုင်းဝန်းကြရမှာ
တကယ်လို့ လူအားလုံးစီက အသံတွေကို မေမေတို့နားမထောင်ခဲ့ဘူးဆိုရင် စိတ်ကူးအကြံအစည်တွေအားလုံးကို မေမေတို့ ဆုံးရှုံးကြရမှာလေ။ ဒါကြောင့် ဆုံးဖြတ်ချက်ချတဲ့အခါတွေ လူမှုဘဝတွေကနေ ဘယ်သူကိုမှ ဖယ်ထုတ်ထားတာမျိုးတွေ မလုပ်သင့်တာပေါ့။
အဘွားဟင်းချက်ပြီးသွား၍ လက်ဆေးပြီး အောင်အောင့်ဘက်သို့လှည့်လာသည်။


မုန့်ဟင်းခါးချက်တာကိုပဲစဉ်းစားကြည့် မြေးလေး၊ မုန့်ဟင်းခါးချက်တဲ့အခါ ပါဝင်တဲ့ပစ္စည်း မစုံရင် မုန့်ဟင်းခါးအရသာက အရမ်းမကောင်းဘူးပေါ့၊ ဒါပေမယ့် မုန့်ဟင်းခါးထဲမှာ စုံစုံလင်လင်ထည့်ချက်တဲ့အခါ အရမ်းကိုစားကောင်း အရသာရှိတဲ့မုန့်ဟင်းခါးဖြစ်သွားမှာပေါ့ မြေးရေ . . .
ဒီမိုကရေစီကလည်း အရသာရှိတဲ့ မုန့်ဟင်းခါးလိုမျိုး ဖြစ်သင့်တာပေါ့သားရယ်။ မတူညီတဲ့ လူအုပ်စုတွေအားလုံးကို ပါဝင်ကိုယ်စားပြုခြင်းအားဖြင့် ပြည့်စုံကောင်းမွန်တဲ့ လူအဖွဲ့အစည်းတစ်ရပ် ဖြစ်လာမှာလေ . . .
ဒီနေ့ အားလုံးအကျုံးဝင်ပါဝင်မှုနဲ့ပတ်သက်တဲ့ အရေးကြီးတဲ့သင်ခန်းစာတစ်ခုကို သင်ယူလိုက်ရပီလေ၊ ကွဲပြားခြားနားတဲ့ အတွေးအမြင်တွေကို လက်ခံစဉ်းစားပေးဖို့ ကိုယ်စားပြုပေးဖို့ အရမ်းအရေးကြီးတယ်။
ဟုတ်တယ်၊ ဒီမိုကရေစီဖြစ်စဉ်တွေမှာ ပါဝင်ခွင့်ရခြင်းဟာ အခြေခံလူ့အခွင့်အရေးတစ်ရပ်ပေါ့ သားလေးရေ
မဲရုံသို့
ပြီး


# သင်နှင့် အခြားသူများအား Covid-19 ရောဂါအန္တရာယ်မှ ကာကွယ်လိုက်ပါ





သင်၏လက်ကို ဆပ်ပြာရေ(သို့)
လက်သန့်ဆေးရည်ဖြင့် မကြာခဏဆေးပါ




သင်၏မျက်စိ၊ နှာခေါင်းနှင့်ပါးစပ်ကို
လက်နှင့် ထိခြင်းမှရှောင်ကျဉ်ပါ





ချောင်းဆိုး၊ နှာချေသည့်အချိန်တိုင်း
အုပ်ထားပါ။ ပြီးနောက် လက်ကိုဆေးပါ




အခြားသူများနှင့် ၆ ပေအကွာတွင်
နေထိုင်ပါ




နှာခေါင်းစည်း တပ်ထားပါ




သင့်တွင် ရောဂါလက္ခဏာရှိပါက
ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများရယူပါ

#ဘေးကင်းလုံခြုံစွာဖြင့်တစ်ဦးနှင့်တစ်ဦးအဆက်အသွယ်မပြတ်နေထိုင်ပါ

JOJO

အတူတကွမဲပေးကြစို့

Australian Aid

Canada

DENMARK

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development
and Cooperation SDC

UKaid

USAID
FROM THE AMERICAN PEOPLE

IFES 30 Years